WOMEN'S BUREAU
U.S. DEPARTMENT OF LABOR

# FACT SHEET

2024 ခုနှစ်၊ ဖေဖော်ဝါရီလ

*ဤစာရွက်စာတမ်းတွင် ပါဝင်သည့် မည်သည့်အရာကမျှ ဥပဒေကြောင်းအရ အကြံဉာဏ်ပေးခြင်း မဟုတ်ပါ။ Women's Bureau (အမျိုးသမီးရေးရာ ဗျူရို) က ပံ့ပိုးပေးသော စာရွက်စာတမ်းများသည် အချက်အလက်များကို သိရှိစေရန်အတွက်သာဖြစ်ပြီး ဥပဒေကြောင်းအရ အကြံဉာဏ်တောင်းခံခြင်းအတွက် အစားထိုးရန် ရည်ရွယ်ခြင်းမဟုတ်ပါ။*

# အလုပ်နယ်ပယ်အတွင်း ကျား/မအခြေပြု အကြမ်းဖက်မှုနှင့် နှောင့်ယှက်မှု



လူတိုင်းတွင် ကျား/မအခြေပြု အကြမ်းဖက်မှုနှင့် နှောင့်ယှက်ခြင်း ကင်းစင်သော အလုပ်နယ်ပယ်တစ်ခုကို ရပိုင်ခွင့်ရှိသည်။

နိုင်ငံ့စီးပွားရေး ဖူလုံမှုအတွက် လုပ်သားအင်အားအတွင်းရှိ အမျိုးသမီးများသည် အရေးကြီးပါသည်။ Women's Bureau (အမျိုးသမီးရေးရာ ဗျူရို) သည် လုပ်ငန်းခွင်ဝင်နေသော အမျိုးသမီးများ၏ အကျိုးစီးပွားကို ကာကွယ်ပေးသည့်၊ အမျိုးသမီးများနှင့် ၎င်းတို့၏မိသားစုများ၏ တန်းတူအခွင့်အရေးရရှိရေးနှင့် စီးပွားရေးဖူလုံမှုကို ထောက်ခံအားပေးသည့်၊ အရည်အသွေးကောင်းမွန်သော လုပ်ငန်းခွင်ပတ်ဝန်းကျင်များကို အားပေးမြှင့်တင်သည့် မူဝါဒများနှင့် စံနှုန်းများအကြောင်း လူအများပိုမိုသိရှိလာအောင် အသိပညာပေးပါသည်။

## ကျား/မအခြေပြု အကြမ်းဖက်မှုနှင့် နှောင့်ယှက်မှုဆိုသည်မှာ အဘယ်နည်း။

- "ကျား/မအခြေပြု အကြမ်းဖက်မှုနှင့် နှောင့်ယှက်မှု" (GBVH) ဆိုသည့်အသုံးအနှုန်းသည် တစ်ကြိမ်တည်းဖြစ်စေ၊ အကြိမ်ကြိမ်ဖြစ်စေ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ သို့မဟုတ် စီးပွားရေးဆိုင်ရာ ထိခိုက်မှုများကို ဖြစ်ပေါ်လာရန် ရည်ရွယ်သော၊ ဖြစ်ပေါ်လာစေသော သို့မဟုတ် ဖြစ်ပေါ်လာစေနိုင်ဖွယ်ရှိသော လက်မခံနိုင်သည့် အပြုအမူနှင့် အလေ့အကျင့်မျိုးစုံ သို့မဟုတ် ထိုသို့ပြုလုပ်ရန် ခြိမ်းခြောက်မှုမျိုးစုံကို ရည်ညွှန်းသည်။ အထူးသဖြင့် ထိုအသုံးအနှုန်းသည် လူများကို ၎င်းတို့၏ လိင် သို့မဟုတ် ကျား/မ အမျိုးအစားကြောင့် ဦးတည်ပြုလုပ်သော အကြမ်းဖက်မှုနှင့် နှောင့်ယှက်မှု သို့မဟုတ် လိင် သို့မဟုတ် ကျား/မ အမျိုးအစားတစ်ခုရှိ လူများကို မမျှမတ ထိခိုက်စေခြင်းကို ရည်ညွှန်းပြီး နိုင်ငံတကာအလုပ်သမားရေးရာအဖွဲ့ (ILO) ၏ [အကြမ်းဖက်မှုနှင့် နှောင့်ယှက်မှုဆိုင်ရာ သဘောတူစာချုပ် (C190)] တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသော လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုတို့ ပါဝင်ပါသည်။

## အလုပ်နယ်ပယ်ဆိုသည်မှာ အဘယ်နည်း။

- "အလုပ်နယ်ပယ်" ဆိုသည့် စကားစုသည် အလုပ်လုပ်သည့် နေရာဆိုသည့်အတိုင်းအတာထက် ကျယ်ပြန့်ပါသည်။ ၎င်းသည် သမားရိုးကျ လုပ်ငန်းခွင်များကိုသာမက အလုပ်သမားများအား လုပ်ခပေးသော၊ ခေတ္တအနားယူသော၊ အလုပ်နှင့်သက်ဆိုင်သော သင်တန်းများ တက်ရောက်သော သို့မဟုတ် အလုပ်နှင့် သက်ဆိုင်သော ဆက်သွယ်ပြောဆိုမှုများ ပြုလုပ်ရသော မည်သည့်နေရာကိုမဆို ရည်ညွှန်းသည်။ ILO C190 တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း "အလုပ်နယ်ပယ်" ဆိုသည်မှာ "အလုပ်နှင့် ချိတ်ဆက်၍ သို့မဟုတ် အလုပ်ကြောင့်ဖြစ်ပေါ်လာသော ဖြစ်စဉ်အတွင်း" ရှိ နေရာတိုင်းကို ဆိုလိုပါသည်။

## အလုပ်နယ်ပယ်အတွင်း ကျား/မအခြေပြု အကြမ်းဖက်မှုနှင့် နှောင့်ယှက်မှုသည် လုပ်ငန်းတိုင်းနှင့် အလုပ်အကိုင်တိုင်းတွင် ပျံ့နှံ့နေပါသည်။

- "အလုပ်နယ်ပယ်ရှိ GBVH" ဆိုသည်မှာ လုပ်ငန်းခွင်နှင့် ဆက်စပ်သည့်အခြေအနေအမျိုးမျိုးတွင် ဖြစ်ပွားသော GBVH ကို ဆိုလိုပါသည်။
- အောက်ဖော်ပြပါ အခြေအနေများအတွင် GBVH ကို ကြုံတွေ့ရနိုင်ပါသည်-
    - စားသောက်ဆိုင်နှင့် ကြိုဆိုဧည့်ဝတ်ပြုခြင်း ကဏ္ဍများအတွင်းကဲ့သို့သော နေရာများတွင် ဖောက်သည်များနှင့် အလုပ်လုပ်ခြင်း၊
    - စိုက်ခင်းများတွင် သို့မဟုတ် သတ္တုတွင်းများအတွင်းနှင့် အနီးတစ်ဝိုက်ကဲ့သို့သော လုပ်ငန်းခွင်ပြင်ပ သို့မဟုတ် ဝေးလံခေါင်သီသော နေရာများတွင် အလုပ်လုပ်ခြင်း၊
    - နားနေခန်းများအတွင်းကဲ့သို့သော နေရာများတွင် အနားယူခြင်း၊
    - အီးမေးလ် သို့မဟုတ် ဆိုရှယ်မီဒီယာမှတစ်ဆင့်ကဲ့သို့သော အွန်လိုင်းပေါ်တွင် ဆက်သွယ်ဆောင်ရွက်ခြင်း၊
    - မီးသတ်ဌာန၊ အလုပ်သမားအဆောင်များ သို့မဟုတ် ဝေးလံသောအလုပ်နေရာများ သို့မဟုတ် အလုပ်ရှင်၏ ကိုယ်ပိုင်အိမ်အတွင်းကဲ့သို့သော အလုပ်ရှင်က စီစဉ်ပေးထားသော နေရာတွင် အိပ်ခြင်း၊
    - ကုန်တင်ကားမောင်းသူများနှင့် အငှားကားမောင်းသူများကဲ့သို့သော ယာဉ်ပေါ်တွင် အလုပ်လုပ်ခြင်း၊
    - သက်မွေးဝမ်းကျောင်းဆိုင်ရာ ဆွေးနွေးဖလှယ်ပွဲများ တက်ရောက်ခြင်း သို့မဟုတ် လုပ်ငန်းခွင်လေ့လာရေး သွားရောက်ခြင်း သို့မဟုတ်
    - အလုပ်ခရီးသွားခြင်း သို့မဟုတ် ရုံးပြင်ပ နေရာတစ်ခုမှ အလုပ်လုပ်ခြင်း။
- အိမ်တွင်းအကြမ်းဖက်ခြင်း၊ လိင်ပိုင်းဆိုင်ရာ စော်ကားခြင်းနှင့် နောက်ယောင်ခံလိုက်ခြင်းတို့အပါအဝင် လုပ်ငန်းခွင်ပြင်ပတွင် ဖြစ်ပွားသော GBVH သည် အလုပ်နယ်ပယ်တွင် ရိုက်ခတ်သောသက်ရောက်မှုများ ဖြစ်ပေါ်စေခြင်း၊ လုပ်ငန်းခွင်၏ အထွေထွေလုံခြုံရေးကို ထိခိုက်စေခြင်းနှင့် စော်ကားနှောင့်ယှက်မှုမှ လွတ်မြောက်လာသူများ၏ အလုပ်စွမ်းဆောင်ရည်၊ အလုပ်တက်ရောက်မှု သို့မဟုတ် အလုပ်ရှာဖွေနိုင်ခြင်း သို့မဟုတ် ထိန်းထားနိုင်ခြင်းတို့ကို ထိခိုက်စေခြင်းများလည်း ဖြစ်ပေါ်စေနိုင်သည်။

WOMEN'S BUREAU
U.S. DEPARTMENT OF LABOR

# FACT SHEET

## WOMEN'S BUREAU (အမျိုးသမီးရေးရာ ဗျူရို) သည် အလုပ်နယ်ပယ်တွင် ကျား/မအခြေပြု အကြမ်းဖက်မှုနှင့် နှောင့်ယှက်မှုများ မရှိတော့စေရန် လုပ်ဆောင်လျက်ရှိပါသည်။

- 1920 ပြည့်နှစ်တွင် တည်ထောင်ခဲ့သော Women's Bureau (အမျိုးသမီးရေးရာ ဗျူရို) သည် လုပ်ခလခစား အမျိုးသမီးများ၏ လိုအပ်ချက်များကို ကိုယ်စားပြုရန် တရားဝင်ဖွဲ့စည်းထားသည့် တစ်ခုတည်းသော ဖက်ဒရယ်အေဂျင်စီ ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် လုပ်ငန်းခွင်ဝင်နေသော အမျိုးသမီးများအရေး ထောက်ခံအားပေးမှုတွင် နှစ်ပေါင်း 100 ကျော်တိုင်အောင် ရှေ့တန်းမှ ရပ်တည်ခဲ့ပါသည်။ သုတေသနပြုမှုနှင့် မူဝါဒ လေ့လာဆန်းစစ်မှု၊ ထောက်ပံ့ငွေပေးခြင်း၊ ပညာရေးနှင့် ကမ်းလင့်ကူညီမှုတို့ ပူးပေါင်းလျက် ကျွန်ုပ်တို့၏ ရည်မှန်းချက်ကို အောင်မြင်အောင် ဆောင်ရွက်ပါသည်။ စတင်တည်ထောင်သည့်အချိန်မှစ၍ Women's Bureau (အမျိုးသမီးရေးရာ ဗျူရို) သည် လုပ်ငန်းခွင်များအတွင်းရှိ အမျိုးသမီးများအတွက် လုပ်ငန်းခွင်အခြေအနေများ ပိုမိုကောင်းမွန်စေရန်နှင့် ဘေးကင်းလုံခြုံစေရန်အတွက် အားပေးဆောင်ရွက်ခဲ့ပါသည်။
- "ဘေးကင်းလုံခြုံသော လုပ်ငန်းခွင်အခြေအနေများ" ဆိုသည်မှာ ဓာတုပစ္စည်းများနှင့် မီးလောင်ခြင်းကဲ့သို့သော အန္တရာယ်များမှ ဘေးကင်းလုံခြုံမှုရှိရန်မျှသာမကဘဲ GBVH ကင်းစင်ခြင်းဆိုသည့် အဓိပ္ပာယ်လည်း ပါဝင်ပါသည်။ GBVH သည် အလုပ်သမားအားလုံး၊ အထူးသဖြင့် အမျိုးသမီး အလုပ်သမားများ၊ လူဖြူမဟုတ်သော အမျိုးသမီးများ၊ မသန်စွမ်းအမျိုးသမီးများ၊ LGBTQIA+ အလုပ်သမားများနှင့် ရွှေ့ပြောင်းအမျိုးသမီးများအတွက် လုပ်ငန်းခွင်သို့ ဝင်ရောက်ရန်နှင့် စီးပွားရေး ဖူလုံမှုရှိသော အခြေအနေကို ထိန်းထားနိုင်ရန်အတွက် အခြေခံ အတားအဆီးဖြစ်ပါသည်။
- GBVH သည် အလုပ်သမား ခေါ်ယူခန့်ထားရန်နှင့် ရှိပြီးအလုပ်သမားများအား ထိန်းထားရန်အတွက်လည်း အခြေခံ အတားအဆီး တစ်ခုဖြစ်ပါသည်။ ဥပမာအားဖြင့် ခွဲခြားဆက်ဆံမှုနှင့် နှောင့်ယှက်မှုသည် အမျိုးသမီးများအား အလုပ်သင်အစီအစဉ်များမှ ထွက်ခွာရန် တွန်းအားပေးပြီး အမျိုးသမီးများနှင့် လူဖြူမဟုတ်သူများအား ဆောက်လုပ်ရေးလုပ်ငန်းသို့ မဝင်ရောက်စေရန် ဟန့်တားသည်ဟု [EEOC က အစီရင်ခံတင်ပြသည်။](#)
- GBVH အပါအဝင် အကြမ်းဖက်ခြင်းနှင့် နှောင့်ယှက်ခြင်းကို အလုပ်သမားများ ကြုံတွေ့ခံစားရခြင်း မရှိကြောင်း သေချာစေခြင်းသည် လုံခြုံသော၊ သာတူညီမျှရှိသော၊ လေးစားမှုရှိသော လုပ်ငန်းခွင်များ ထူထောင်ရေးအတွက် အဓိကမဏ္ဍိုင်ဖြစ်သည်။

## အလုပ်နယ်ပယ်အတွင်း ကျား/မအခြေပြု အကြမ်းဖက်မှုနှင့် နှောင့်ယှက်မှုများ ပပျောက်စေရေး ကြိုးပမ်းမှုများတွင် WOMEN'S BUREAU (အမျိုးသမီးရေးရာ ဗျူရို) က မည်သို့ ဦးဆောင်နေသနည်း။

*အမေရိကန်ပြည်ထောင်စု၏ ကျား/မအခြေပြု အကြမ်းဖက်မှု ပပျောက်စေရေး နိုင်ငံလုံးဆိုင်ရာ စီမံကိန်း*

- 2023 ခုနှစ်၊ မေလအတွင်း အိမ်ဖြူတော်သည် အမေရိကန်ပြည်ထောင်စု၏ ပထမဆုံးသော ကျား/မအခြေပြု အကြမ်းဖက်မှု ပပျောက်စေရေး နိုင်ငံလုံးဆိုင်ရာ စီမံကိန်းကို ထုတ်ပြန်ကြေညာခဲ့ပါသည်။ အဆိုပါ စီမံကိန်းသည် အမေရိကန်ပြည်ထောင်စုတွင် ကျား/မအခြေပြု အကြမ်းဖက်မှုများကို တားဆီးရန်နှင့် ဖြေရှင်းရန် အစိုးရတစ်ရပ်လုံး၏ ကြိုးပမ်းမှုအတွက် လမ်းပြမြေပုံကို ချမှတ်ထားသည်။ ကျား/မအခြေပြု အကြမ်းဖက်မှုသည် အကြမ်းဖက်ခံရမှုမှ လွတ်မြောက်လာသူများနှင့် အလုပ်သမားများ၏ ဘေးကင်းရေးနှင့် စီးပွားရေးအတည်တကျရှိမှုအပေါ် ဆိုးရွားစွာ ထိခိုက်စေနိုင်သည်ကို ၎င်းက အထူးသဖြင့် နားလည်လက်ခံထားပါသည်။
- Women's Bureau (အမျိုးသမီးရေးရာ ဗျူရို) သည် နိုင်ငံလုံးဆိုင်ရာ စီမံကိန်းတွင် ဖော်ပြထားသည့် လုပ်ဆောင်ချက်များကို အကောင်အထည်ဖော်ရန် ဖက်ဒရယ်မိတ်ဖက် အဖွဲ့အစည်းများနှင့်အတူ လုပ်ဆောင်နေပါသည်။

*ရယူသုံးစွဲခွင့်၊ ရပိုင်ခွင့်နှင့် သာတူညီမျှမှု အားပေးမြှင့်တင်ရေး (FARE) ထောက်ပံ့ကြေး အစီအစဉ်*

- 2023 ခုနှစ် FARE ထောက်ပံ့ကြေး အစီအစဉ်သည် အမေရိကန်ပြည်ထောင်စု အလုပ်သမားဦးစီးဌာန၏ ပထမဆုံးသော ထောက်ပံ့ကြေး အစီအစဉ်ဖြစ်ပြီး အလုပ်နယ်ပယ်အတွင်း GBVH ကို တားဆီး၍ တုံ့ပြန်ဖြေရှင်းရန် လူမှုအဖွဲ့အစည်းများ၏ ကြိုးပမ်းအားထုတ်မှုများကို ပံ့ပိုးကူညီရန်အတွက်သာ ရည်ရွယ်ပါသည်။

*အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါအတွက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ရုံး (ILO) နှင့် ပူးပေါင်းဆောင်ရွက်ခြင်း*

- ILO သဘောတူညီချက် 190 သည် GBVH အပါအဝင် အကြမ်းဖက်မှုနှင့် နှောင့်ယှက်မှု ကင်းစင်သော အလုပ်နယ်ပယ်တစ်ခုကို လူတိုင်းရရှိပိုင်ခွင့်အား အသိအမှတ်ပြုသည့် ပထမဆုံး နိုင်ငံတကာ သဘောတူစာချုပ် ဖြစ်သည်။
- အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါအတွက် ILO ရုံးနှင့် Women's Bureau (အမျိုးသမီးရေးရာ ဗျူရို) တို့သည် အမေရိကန်ပြည်ထောင်စုရှိ ILO C190 အခြေခံမှုများကို မြှင့်တင်ရန်၊ အလုပ်နယ်ပယ်အတွင်း GBVH ကို တားဆီး၍ တုံ့ပြန်ဖြေရှင်းရန်အလို့ငှာ လုပ်ငန်းနယ်ပယ်အလိုက် အကောင်းဆုံး ဆောင်ရွက်ချက်များကို ဆွေးနွေးရန်နှင့် အကြမ်းဖက်ခံရမှုမှ လွတ်မြောက်လာသူများကို ပံ့ပိုးကူညီရန်အတွက် အလုပ်သမားများ၊ အလုပ်ရှင်များ၊ သမဂ္ဂများ၊ ထောက်ခံအားပေးသူများ၊ လွတ်မြောက်လာသူများနှင့်အတူ ဒေသဆိုင်ရာ စည်းဝေးပွဲများကို ဆက်တိုက်ပြုလုပ်လျက်ရှိသည်။

## အလုပ်နယ်ပယ်အတွင်း GBVH ပပျောက်စေရေး ကြိုးပမ်းမှုများ၌ ပူးပေါင်းဆောင်ရွက်ရန် စိတ်ဝင်စားပါသလား။

**ပိုမိုလေ့လာရန် Women's Bureau (အမျိုးသမီးရေးရာ ဗျူရို) ၏ ဝက်ဘ်ဆိုက်သို့ ဝင်ရောက်ကြည့်ရှုပါ-**

**dol.gov/agencies/wb/topics/GBVH**